ပြုပြင်ပြောင်းလဲခွင့်ရှိတယ် - **ဒေါ်အောင်ဆန်းစုကြည်** ၆
ရေကြည်ကျောင်းသားဟောင်းတစ်ဦး၏ အမှတ်တရ ၈

နိဒါန်း ၁၂
အခန်း (၁)
ရေကြည်မြို့က စပယ်ယာပေါက်စ ၁၅

အခန်း (၂)
ခေတ်တစ်ခု၏ နိုင်ငံရေး သားကောင် ၂၅

အခန်း (၃)
သဘော်ာကုန်းပတ်တိုက်၊ အိုးတိုက်ပန်းကန်ဆေး ၃၁

အခန်း (၄)
နဝတ၊ နအဖခေတ် စီးပွားရေးလုပ်ငန်းရှင် ၄၃

အခန်း (၅)
နာဂစ်နှင့် Sanction ၅၅

အခန်း (၆)
ယုံကြည်၍ပုံအပ်ခံရသည့် ဘဏ်လုပ်ငန်း ၇၃

အခန်း (၇)
မြန်မာတိုင်းရင်းသားပိုင် နီဗိုတယ်ဟိုတယ် ၈၅

အခန်း (၈)
ဝင်ငွေမရှိသည့် ဘောလုံးအားကစားတွင် ၁၅ နှစ်ကြာ ၉၅

အခန်း (၉)
ဦးဇော်ဇော်၏ မက်စ်မြန်မာဂရု ငွေရတုစကား ၁၂၅

အခန်း (၁၀)
ဝန်ထမ်းအမေး သူဌေးအဖြေ ၁၄၃

အခန်း (၁၁)
COVID-19 ကာလ ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေး
ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးခြင်း ၁၆၅

အခန်း (၁၂)
နေမဝင်အလှူရှင် ဦးဇော်ဇော် ၁၈၃

အခန်း (၁၃)
**ဦးဇော်ဇော်နှင့် သတင်းဌာနအင်တာဗျူးများ** ၂၀၃
(က) ဦးဇော်ဇော်နှင့် Bloomberg ၂၀၃
(ခ) ဦးဇော်ဇော်နှင့် ရေဝတီသတင်းဌာန ၂၁၈
(ဂ) ဦးဇော်ဇော်နှင့် ရေဝတီသတင်းဌာန ၂၃၀
(ဃ) ဦးဇော်ဇော်နှင့် VOA သတင်းဌာန ၂၃၇
(င) ဦးဇော်ဇော်နှင့် မြန်မာတိုင်းစ်သတင်းဌာန ၂၄၁
(စ) Nikkei Asian Review တွင်ဖော်ပြထားသည့်ဆောင်းပါး ၂၄၈

နိဂုံး ၂၅၅

တစ်ဦးက The Life Of An Entrepreneur ဟုအမည်ပေးထားသည့် ခေါင်းစဉ်ဖြင့် သူ၏ဘဝဖြတ်သန်းမှုအတွေ့အကြုံများနှင့် စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများကို မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား ပြန်လည်ပြောပြနေသည်။

သူတို့အားလုံးသည် မက်စ်မြန်မာ စီးပွားရေးလုပ်ငန်းအုပ်စုကို တည်ထောင်သူဦးဇော်ဇော် မည်သို့ကြွယ်ဝချမ်းသာလာသည်ကို သိလိုကြသည်။ အများထင်ထား သိထားသလို နဂိုကတည်းက တပ်မတော် အစိုးရနှင့်ရင်းနှီး၍ ချမ်းသာကြွယ်ဝလာခြင်းလား။ မည်သည့်မြို့ကမြေတွေကိုသိမ်းပိုက်၍ မည်ကဲ့သို့သယံဇာတတွေကို လုပ်ကိုင်ခဲ့သလဲ။ လက်ရှိတွင် ဝန်ထမ်းပေါင်းနှစ်သောင်းနှင့် ထင်သာမြင်သာရှိသည့် စီးပွားရေးလုပ်ငန်းကြီးများကို မည်သည့်ပုံစံစနစ်ဖြင့် လည်ပတ် လုပ်ကိုင်နေသလဲ။ အမေရိကန်က စီးပွားရေးပိတ်ဆို့မှုတွေလုပ်ခဲ့ပြီး ဘာကြောင့် ဖြေလျှော့ခဲ့သလဲ။ ကုမ္ပဏီသက်တမ်း ၂၅ နှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ မျှမက လှူဒါန်းနိုင်ရလောက်အောင် မည်ကဲ့သို့ ကြွယ်ဝ ချမ်းသာ လာသလဲ။ သူ၏ ချမ်းသာကြွယ်ဝမှုများနှင့်မြန်မာပြည်သူတွေအတွက်မည်သည်တို့ကိုလုပ်ဆောင်ပေးနေသလဲ။

သို့မဟုတ် မည်သို့သောခံယူချက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ကို၁၅နှစ်ကြာတာဝန်ထမ်းဆောင်နေသည်စသည်ဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များတွင်သိချင်နေသည့်မေးခွန်းများစွာ ကိုယ်စီရှိနေကြသည်။

မက်စ်မြန်မာဂရု စီးပွားရေးလုပ်ငန်းအုပ်စုကို တည်ထောင်သူ ဦးဇော်ဇော်၏ဘဝဖြတ်သန်းမှုအတွေ့အကြုံများနှင့် စီးပွားရေးဆောင်ရွက်ခဲ့မှုများကို ကျွန်တော်တို့ဆက်လက်လေ့လာကြည့်ရအောင်ပါ။

❑

# နိဒါန်း

**"Business Man တွေအတွက် Network မရှိရင် ဘာမှလုပ်လို့မရဘူး။ အပေါင်းအသင်းအသိုင်းအဝိုင်းမရှိရင် ဘာမှလုပ်လို့မရဘူး"**

မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များတွေ့ဆုံပွဲ၌ မက်စ်မြန်မာဂရုကုမ္ပဏီကို တည်ထောင်သူ ဦးဇော်ဇော်က သူ့ဘဝ သူ့အတွေ့အကြုံများကို ပြန်လည်ဝေမျှပြောဆိုနေသည်။ သည်ပွဲကို ရန်ကုန်မြို့၌ ကြယ်ငါးပွင့်အဆင့်ရှိ နီဗိုတယ်ဟိုတယ်တွင် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၁ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။ နီဗိုတယ်ဟိုတယ်သည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများထဲမှ မြန်မာနိုင်ငံသား ဦးဇော်ဇော်ပိုင်ဆိုင်သည့် ဟိုတယ်ဖြစ်သည်။ ခေတ်ပြောင်း စနစ်ပြောင်းလာသည့်အခါ စီးပွားရေးလုပ်ငန်းရှင်အချို့က အစစအရာရာ နောက်ကျကျန်နေခဲ့သည့် မြန်မာနိုင်ငံကိုဆွဲတင်ဖို့ ကြိုးစားလာနေကြသလို လူငယ်တော်တော်များများကလည်း သက်ဆိုင်ရာနယ်ပယ် ကဏ္ဍအသီးသီးအလိုက် စီးပွားရေးလုပ်ငန်းများကို စွန့် ဦးတီထွင်လုပ်ကိုင်လာနေကြသည်။

**"Isolate ဖြစ်တဲ့သူက နောက်ဆုံးမှာ ကျန်ခဲ့မှာပဲ။ ကျွန်တော် လူငယ်တွေကိုပြောချင်တာ စိတ်ရှည်ပါ၊ သည်းခံပါ"**

ဦးဇော်ဇော်က သူ၏အတွေ့အကြုံများကို ဆက်လက်ပြောပြနေသည်။ နှစ်ပေါင်း ၄၀ ကြိုးစားရုန်းကန်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းရှင်

တစ်ဦးက The Life Of An Entrepreneur ဟုအမည်ပေးထားသည့် ခေါင်းစဉ်ဖြင့် သူ၏ဘဝဖြတ်သန်းမှုအတွေ့အကြုံများနှင့် စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများကို မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား ပြန်လည်ပြောပြနေသည်။

သူတို့အားလုံးသည် မက်စ်မြန်မာ စီးပွားရေးလုပ်ငန်းအုပ်စုကို တည်ထောင်သူဦးဇော်ဇော် မည်သို့ကြွယ်ဝချမ်းသာလာသည်ကို သိလိုကြသည်။ အများထင်ထား သိထားသလို နဂိုကတည်းက တပ်မတော် အစိုးရနှင့်ရင်းနှီး၍ ချမ်းသာကြွယ်ဝလာခြင်းလား။ မည်သည့်မြို့ကမြေတွေကိုသိမ်းပိုက်၍ မည်ကဲ့သို့သယံဇာတတွေကို လုပ်ကိုင်ခဲ့သလဲ။ လက်ရှိတွင် ဝန်ထမ်းပေါင်းနှစ်သောင်းနှင့် ထင်သာမြင်သာရှိသည့် စီးပွားရေးလုပ်ငန်းကြီးများကို မည်သည့်ပုံစံစနစ်ဖြင့် လည်ပတ် လုပ်ကိုင်နေသလဲ။ အမေရိကန်က စီးပွားရေးပိတ်ဆို့မှုတွေလုပ်ခဲ့ပြီး ဘာကြောင့် ဖြေလျှော့ခဲ့သလဲ။ ကုမ္ပဏီသက်တမ်း ၂၅ နှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ မျှမက လှူဒါန်းနိုင်ရလောက်အောင် မည်ကဲ့သို့ ကြွယ်ဝ ချမ်းသာ လာသလဲ။ သူ၏ ချမ်းသာကြွယ်ဝမှုများနှင့်မြန်မာပြည်သူတွေအတွက်မည်သည်တို့ကိုလုပ်ဆောင်ပေးနေသလဲ။

သို့မဟုတ် မည်သို့သောခံယူချက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ကို၁၅နှစ်ကြာတာဝန်ထမ်းဆောင်နေသည်စသည်ဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များတွင်သိချင်နေသည့်မေးခွန်းများစွာ ကိုယ်စီရှိနေကြသည်။

မက်စ်မြန်မာဂရု စီးပွားရေးလုပ်ငန်းအုပ်စုကို တည်ထောင်သူ ဦးဇော်ဇော်၏ဘဝဖြတ်သန်းမှုအတွေ့အကြုံများနှင့် စီးပွားရေးဆောင်ရွက်ခဲ့မှုများကို ကျွန်တော်တို့ဆက်လက်လေ့လာကြည့်ရအောင်ပါ။

❑